ကျွန်မနာမည်ကတော့ ဒေါက်တာဇင်ထွေးစီ ဖြစ်ပါတယ် အများစုကတော့ ဆရာမဇင်လို့ခေါ်ပါတယ် ။ ကျွန်မပါဝင်ဆက်ကပ်နေတဲ့ အသင်းတော်ကတော့ ကမာရွတ်နှစ်ခြင်းအသင်းတော် ဖြစ်ပါတယ်။ MCHWA မေတ္တာဂရုဏာ ကျန်းမာရေး စောင့်ရှောက်မှုအသင်းမှာလည်း အဖွဲ့ဝင်အဖြစ် ပါဝင်ဆက်ကပ်နေပါတယ်။ MCHWA ရဲ့ အဓိကလုပ် ဆောင်နေတဲ့ အရာကတော့ ကျန်းမာရေး စောင့်ရှောက်မှု ကိုလိုအပ်တဲ့ အလိုအပ်ဆုံး နေရာတွေကို သွားခဲ့ပေးပါတယ်။ နောက်ပြီးတော့ MCC မှာလည်း ကျန်းမာရေးဆေးခန်း ဖွင့်လှစ်ထားပါတယ်။ ကျွန်မတို့ခရစ်တော်ရဲ့ အမှုတော်ဆောင်ခြင်းမှာ ကုသခြင်းပါမယ်၊ တရားဒေသနာပါမယ် ကျွန်မတို့အားလုံးကို ဝိညာဏ်ရေးရာအားဖြင့်၊ ဆရာဝန်တွေကလည်း ပညာအရည်အချင်းအားဖြင့် ကျွန်မတို့က အမှုဆောင်ခြင်းကို ဒီ Healing Ministry မှကျွန်မတို့ ပါဝင်တယ်။ နောက်ပြီး ကျွန်မတို့ ပါဝင်တဲ့အခါမှာ လူမျိုး ဘာသာမရွေး ပါဝင်တာဖြစ်တဲ့အတွက်ကြောင့် ကျွန်မတို့ရဲ့ လုပ်ဆောင်မှုသည် ပတ်ဝန်းကျင်မှာသက်သေဖြစ်ဖို့အတွက် အရေးကြီးပါတယ်။ ဒါကြောင့်မလို့ ကျွန်မတို့ ဒီမှာ ပါဝင်ရတဲ့အတွက်ကြောင့် ကျွန်မတို့ရဲ့ Motivation ကတော့ ဒီ Healtcare ကို ကျွန်မတို့ရဲ့ အမှုဆောင်ခြင်း တစ်မျိုးအားဖြင့် ပုံသက်သေအနေနဲ့ ဘုရားရဲ့မေတ္တာကိုလည်း ကျွန်မတို့အားဖြင့် ခံစားလာအောင် ပါဝင်ရခြင်းဖြစ်ပါတယ်။ MCC (၉၀) ကြိမ်မြောက် Biennial General Meeting မှာလည်း ဆရာဝန်တွေ အများကြီးရှိတဲ့အတွက် အလှည့်ကျတာဝန်ပေးခြင်းအပေါ်မှာလည်း ဝမ်းမြောက်စွာ လက်ခံမိပါတယ်။



**ဒေါက်တာ ဇင်ထွေးစီ**

MCHWA

မေတ္တာဂရုဏာ ကျန်းမာရေး စောင့်ရှောက်မှုအသင်း

## ၁၅.၅.၂၀၂၆ ရက်နေ့တွင် ကောက်ခံရရှိသော အလှူငွေ

စုစုပေါင်း ကျပ် **၄၄၁,၆၀၀/-** တိတိ

၉၀ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေးကြီး၏ သတင်း၊ မှတ်တမ်း၊ ဓါတ်ပုံများအား မခသက၏ တရားဝင်ဝက်ဆိုဒ် ဖြစ်သော www.mmoikom.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ

90th BGM Newsletter နေ့စဉ်သတင်းလွှာ

BIENNIAL GENERAL MEETING

# နှိမ့်ချ၊ ဆုတောင်း၊ ရှာဖွေ ပြည်တော်ကို ချမ်းသာစေ

ရာဇဝင်ချုပ်ဒုတိယစောင် ၇:၁၄၊ ရှင်ယာကုပ် ၄း၁-၁၀



၁၅.၅.၂၀၂၆ (သောကြာနေ့) ၏ **နံနက်ဝတ်ပြုခြင်းနှင့် သမ္မာကျမ်းစာလေ့လာခြင်း** ကို နံနက် ၉း၀၀ – ၁၀း၀၀ – ၁၀း၃၀ နာရီတွင် ပြုလုပ်ပြီး သဘာပတိအဖြစ် ဆရာမ ရှီးဝူမီး (မြန်မာနိုင်ငံ လီဆူခရစ်ယာန် အသင်းတော်) ပြုလုပ်ကာ ဘုန်းတော်ကြီး ဂျော့ချ်ကျော်ဘိုဘိုဟန် (ပြည်ခရစ်ယာန်ဂိုဏ်းပေါင်းစုံ အသင်းတော်များအဖွဲ့) ၏ ဆက်ကပ်ဆုတောင်းခြင်းဖြင့် စတင်ခဲ့ပါသည်။ ထို့နောက် သိက္ခာတော်ရဆရာမ ဒေါက်တာခင်ဆွေဦးမှ သမ္မာကျမ်းစာလေ့လာခြင်းအစီအစဉ်အား ပြည်တော်ကို အေးချမ်းသာယာငြိမ်းချမ်းစေဖို့ ပြုလုပ်ရမည့်အချက် (၄) ချက်ဖြစ်သည့် (၁) နှိမ့်ချပါ၊ (၂) ဆုတောင်းပါ၊ (၃) မျက်နှာတော်ကိုရှာဖွေပါ။ (၄) အဓမ္မလမ်းကိုလွှဲရှောင်ပါ ဆိုသည်အချက်များကို ဝေမျှခဲ့ပါသည်။ အလှူတော်ငွေကောက်ခံစဉ် ဆရာမ မိုင်ကြည်ကြည်ဝင်း နှင့် ဆရာစောလုကာ တို့မှ ဂုဏ်တော်ချီးမွမ်းခဲ့ပြီး သိက္ခာတော်ရ ဆရာ ပီတာအေး (ပဲခူး ခရစ်ယာန်အသင်းတော်များကောင်စီ) မှ အလှူတော်ငွေ ဆက်ကပ်ခဲ့ပါသည်။ ထို့နောက် ကယ်တင်ရှင် သိုးထိန်းလိုလမ်းပြကျူးကို အတူတကွ ချီးမွမ်းကျူးကြေပြီး သိက္ခာတော်ရ ဆရာ ဆိုင်မွန်ထောင်မှုန် ( မန္တလေး ခရစ်ယာန်အသင်းတော်များကောင်စီ ) ၏ ကောင်းကြီးပေးခြင်းဖြင့် အစီအစဉ်ကို အဆုံးသတ်ခဲ့ပါသည်။




**အလုပ်အစည်းအဝေး**

အလုပ်အစည်းအဝေးပထမပိုင်းကို ဆရာမနန်းသူဇာ (ဒုတိယ ဥက္ကဋ္ဌ၊ မခသက) မှ သဘာပတိအဖြစ် လုပ်ဆောင်ခဲ့ပြီး (၁၃) ဘဏ္ဍာနှင့်ပစ္စည်းရေးရာ ကော်မတီအစီရင်ခံစာကိုလည်းကောင်း၊ ယမန်နေ့က မပြီးပြတ်ခဲ့သည့် (၁၁) ပြည်သူ့ဆက်ဆံရေးကော်မတီအစီရင်ခံစာ ကိုလည်းကောင်း၊ အပြန်အလှန်ဆွေးနွေးအတည်ပြု ဆုံးဖြတ်ခဲ့ကြပါသည်။ ထိုနောက် သိက္ခာတော်ရဆရာမဒေါ်မြစန္ဒာ ဆုတောင်းခြင်းဖြင့် အလုပ်အစည်းအဝေးပထမပိုင်းကို ရုပ်သိမ်း၍ နေ့လည်စာ သုံးဆောင်ကြပါသည်။









အလုပ်အစည်းအဝေး ဒုတိယပိုင်းကို ဆက်လက်လုပ်ဆောင်ကြရာ သဘာပတိအဖြစ် သိက္ခာတော်ရဆရာမ ဒေါ်မြစန္ဒာမှာ ပြုလုပ်ပြီး ဆရာမမိုင်ကေသီမင်းဒင်မှ လုပ်ငန်းဌာနများ၊ ကော်မတီ/ကော်မရှင်များ၏ အစီရင်ခံစာများဖြစ်သော (၁၄) လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာအနှစ်ချုပ်၊ (၁၅) တစ်လုံးတစ်ဝတည်းဖြစ်ရေးပညာရေးအစီအစဉ်ဌာန အစီရင်ခံစာ၊ (၁၆) တစ်လုံးတစ်ဝတည်းဖြစ်ရေး သာသနာပြုရေးအစီအစဉ်ဌာနအစီရင်ခံစာ၊ (၁၇) ဝန်ထမ်းခြင်းနှင့်ဖွံ့ဖြိုးရေးအစီ အစဉ်ဌာန အစီရင်ခံစာ၊ (၁၈) လူ့စွမ်းအားအရင်းအမြစ်တိုးတက်ဖွံ့ဖြိုးရေးအစီအစဉ် ဌာနအစီရင်ခံစာ၊ (၁၉) တစ်လုံးတစ်ဝတည်းဖြစ်ရေးအမျိုးသမီးလုပ်ငန်းအစီရင်ခံစာ၊ (၂၀) တစ်လုံးတစ်ဝတည်းဖြစ်ရေး လူငယ်လုပ်ငန်းအစီရင်ခံစာ၊ (၂၁) ယုံကြည်ခြင်းနှင့်ကျင့်သုံးမှုကော်မရှင်အစီရင်ခံစာ၊ (၂၂) မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံဓမ္မသီပွဲကော်မတီ အစီရင်ခံစာ၊ (၂၃)မြို့ပြကျေးလက်သာသနာပြုကော်မတီ အစီရင်ခံစာတို့ကို တင်ပြပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်တော်များမှ ဝိုင်းဝန်းဆွေးနွေးကာ အဆိုပြုခြင်း၊ ထောက်ခံခြင်းများနှင့်အတူ အားလုံး လက်ယာလက်ပြကာ သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

သိက္ခာတော်ရဆရာဒေါက်တာဇန်ကုန်းမှ တစ်လုံးတစ်ဝတည်းဖြစ်ရေးစဉ်းစားပုံစဉ်းစားနည်း အကြောင်းကို တင်ပြခဲ့ပါသည်။

ဆရာမလေးဒီယာ (မြန်မာနိုင်ငံလီဆူခရစ်ယာန်အသင်းတော်) ၏ ဆက်ကပ်ဆုတောင်းကောင်းကြီးပေးခြင်းဖြင့် တစ်ရက်တာ အလုပ်အစည်းအဝေးအစီအစဉ်အား အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။






ခက်ခဲသည့်ကာလဖြစ်သော်လည်း အဖွဲ့ဝင်အသင်းတော်အားလုံး တက်ရောက်နိုင်သည့်အတွက် ဘုရားသခင်ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ယခုထက်သာ၍ တစ်လုံးတစ်ဝတည်း ပိုမိုဖြစ်လာကာ အသင်းသားများ၏ ဝိညာဉ်ရေးရာ ပိုမိုရင့်ကျက်ခိုင်မြဲပြီး ဘုရားသခင်၏ ဘုန်းနာမ ထင်ရှားလာစေရန် မျှော်လင့်လျက် ဆုတောင်းအပ်ပါတယ်။

**ဆရာမခွန်တောင်**

( HIV AIDS ပရောဂျက် ၊ ညှိနှိုင်းရေးမှူး)



ကျွန်တော်နာမည်ကတော့ Rev. ငြိမ်းချမ်းထွန်း ဖြစ်ပြီး ပခုက္ကူ ခရစ်ယာန်အသင်းတော်များကောင်စီရဲ့ ဥက္ကဋ္ဌ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကတော့ ပခုက္ကူ ခရစ်ယာန်အသင်းတော်များကောင်စီ ကိုယ်စားပြုအနေနဲ့ တက်ရောက်တာ ပထမဦးဆုံးအကြိမ် ဖြစ်ပါတယ်။ အများကြီးစိတ်လှုပ်ရှားပြီး ဘာတွေများ ကိုယ့်အတွက်လေ့လာသင်ယူစရာ အသစ်တွေရရှိပြီး local သို့ ပြန်တဲ့အခါမှာ ချပြဖို့ အမြင်ဖွင့်ဖို့ အတွေးတွေလည်း ရှိတာမို့ မရောက်ရောက်အောင်လာတက်ရခြင်းဖြစ်ပါတယ်။

**Rev. ငြိမ်းချမ်းထွန်း (ဥက္ကဋ္ဌ)**

ပခုက္ကူ ခရစ်ယာန်အသင်းတော်များကောင်စီ

ရှေးဦးစွာ MCC BGM မှာ ပါဝင်ခွင့်ရတဲ့အတွက် ဘုရားသခင်ကိုကျေးဇူးအထူးတင်ရှိပါတယ်။ ကျွန်တော့် အနေဖြင့် ပထမဦးဆုံးအကြိမ် ဤအစည်းအဝေးမှာ ပါဝင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ ကျွန်တော်လေ့လာတဲ့အခါ အားလုံးပါဝင်မှုမှာ အမျိုးသမီးတွေ တော်တော်များများ တက်တက်ကြွကြွနဲ့ ပါဝင်ကြတယ်ဆိုတဲ့ အရာဟာ အားရကျေနပ်စရာ ဖြစ်ပါတယ်။ ကျွန်တော်တို့နယ်မြေမှာလည်း ဒီလိုဖြစ်သင့်တယ်ဆိုတဲ့ ခွန်အားရစရာတွေ အများကြီးရှိတာကိုတွေ့ရတယ်။ ကျွန်တော်တို့နယ်ဘက်မှာ အမျိုးသမီးများ၊ မိန်းကလေးငယ်များ သိပ်ရှားသလို ပါဝင်မှုတွေမှာ အားနည်းတာတွေရှိပါတယ်။ ကျွန်တော်တို့ ကန်ပက်လက် မက်သဒစ်အသင်းတော်မှာဆိုရင်တော့ အမှုတော်ဆောင် အပါး (၃၀) ကျော်ရှိတဲ့ အခါမှာ အမျိုးသမီးက (၁) ပါးသာ ရှိရှိပါတယ်။ ဒီကိုရောက်လာတဲ့အခါမှာတော့ ဂိုဏ်းပေါင်းစုံကနေ အမျိုးသမီးတွေ တော်တော်များများ တက်တက်ကြွကြွ သူတို့အချိန်နဲ့သူတို့ ပါဝင်လှုပ်ရှားကြတာကို တွေ့ရတဲ့အခါမှာ တော်တော်လေးကိုခွန်အားရစရာဖြစ်ပါတယ်။ ကျွန်တော်တို့နယ်ဘက်မှာလဲ ပြန်ပြီးတော့မှ မျှဝေစရာများစွာရှိတယ်လို့ ကျွန်တော့ ရင်ထဲမှာ ခံစားမိပါတယ်။ ဒီနှစ်ဆိုရင်တော့ ရွေးကောက်ပွဲလည်းလုပ်ရမယ့် အနေအထားရှိတဲ့အခါမှာ ဘုရားသခင်ကနေပြီးတော့ အကောင်းဆုံးရွေးချယ်ပေးဖို့ ဆုတောင်းမိပါတယ်။ လူအနေနဲ့တော့ ဘယ်သူဘယ်ဝါဆိုတာထက် ဒါဝိဒ်ကို ဘုရားသခင်က သူ့သဘောကျပြီး စိတ်တော်နဲ့တွေ့တဲ့သူဖြစ်တဲ့အတွက် ရွေးချယ်ခြင်းခံရတယ်လို့ ကျမ်းစာထဲမှာ တွေ့ရတဲ့အခါမှာ ထိုနည်းတူစွာ ကျွန်တော်တို့အိမ် ၊ MCC ကို ဦးဆောင်နိုင်တဲ့သူကို ဘုရားသခင်ကပဲ ရွေးချယ်ခန့်ခွဲပေးဖို့ ဆုတောင်းရင်း အကောင်းဆုံးမျှော်လင့်ပါတယ်။



**ဂိုဏ်းအုပ် ဆရာတော် Rev. ဖွေမနားရှင်း**

အထက်မြန်မာပြည်မက်သဒစ်အသင်းတော် ၊ ကန်ပက်လက်

MCC ၏ ၉၀ကြိမ်မြောက် သင်းလုံးကျွတ် အစည်းအဝေး မှာ တက်ရောက်ပါဝင်ခွင့်ရတဲ့ အတွက် ဝမ်းသာမိပါတယ်။ ဤကဲ့သို့သော အခွင့်အရေး၊ အစီအစဉ် နေ့ရက်မှာ ကျွန်တော့်အနေဖြင့် ပါဝင်ခွင့်ရလိမ့်မယ်လို့ မျှော်လင့်မထားမိခဲ့ပါ။ ဘုရားရဲ့အကြံအစည်၊ အစီအစဉ်အားဖြင့် ပါဝင်ခွင့်ရတာက အတိုင်းမသိ ပီတိဖြစ်ခဲ့ ပါတယ်။ ဤအစီအစဉ် အထူးစိတ်လှုပ်ရှားစရာအနေဖြင့် MCCကို ဦးဆောင်မည့်ခေါင်းဆောင်အသစ်လည်း ထွက်ပေါ်လာ မှာဖြစ်တဲ့အတွက် ရင်ခုန်လှုပ် ရှားစွာနဲ့လည်း မျှော်လင့်နေပါတယ် ။ လူငယ်တစ်ဦးအနေဖြင့် ဤအစီအစဉ်၌ပါဝင်ခွင့်ရခြင်းက လူကြီးမိဘ ဆရာသမား များထံ လေ့လာစရာ၊ မှတ်သားစရာ၊ သင်ယူစရာအများကြီးရရှိခဲ့ပါတယ်။ အထူးသဖြင့် ဖတ်မိခဲ့တဲ့ စာအုပ်ထဲမှာ အကြောင်းအရာ တစ်ခု ဖော်ပြလိုပါတယ်။ ပညာရှိအဖိုးအိုထံ လူငယ်တစ်ဦးက ကျွန်တော်ဆီမှာရှိတဲ့ငှက်က အသေလား၊ အရှင်လားလို့ မေးရာ ဤငှက် ကလေးရဲ့ သေခြင်း ရှင်ခြင်း က မင်းလက်ထဲမှာရှိပါတယ်လို့ ဖြေကြားပေးလိုက်ရာ လူငယ်လေးအနေဖြင့် ဘာမှပြန်မပြောနိုင်ခဲ့ပါ။ ကျွန်တော်အနေဖြင့် ထိုအဘိုးကြီးထံမှ သင်ယူခဲ့သည်မှာ အခွင့်အရေးဆိုတာ လူငယ်တွေ လက်ထဲမှာပဲရှိပါတယ်။ သာသနာ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းက လူငယ်တွေရဲ့ လက်ထဲမှာသာရှိပါတယ်။ ဘယ်လိုဆုံးဖြတ်ကြမလဲဆိုတာပါပဲ။

**စအိုင်စေး**

မခသက လူငယ်ဌာန၊ သဘာပတိ





ကျွန်မနာမည်ကတော့ ဆရာမလားလ်ဒီးနီး ဖြစ်ပါတယ်။ လက်ရှိတာဝန်ကတော့ ကျွန်မတို့ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (အင်္ဂလီကန်) အသင်းတော်၊ မိခင်များအသင်းရဲ့ ဥက္ကဋ္ဌဖြစ်ပါတယ်။ BGM ကို လာရတဲ့အခါမှာ အင်မတန်မှ ရင်ခုန်ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ အသစ်အသစ်တွေနဲ့ ဆက်ပြီးတော့ ခရီးသွားရမယ့်အရာမှာ ဘယ်လိုခေါင်းဆောင်မှုတွေကို ကျွန်မတို့ရမှာလဲ။ ဘယ်လိုခေါင်းဆောင်တွေက ကျွန်မတို့ကို ဦးဆောင်သွားမလဲဆိုတဲ့ အရာကိုလည်း တကယ်ပဲ ရင်ခုန်နေပါတယ်။ ကျွန်မတို့အခု လက်ရှိ အခြေအနေက အင်မတန်မှ ခဲယဉ်းတယ်၊ ဆိုးယုတ်တယ်၊ ကြမ်းတမ်းတယ်ဆိုတော့ ဒီခေါင်းဆောင်တွေက သူတို့မှာ စွမ်းရည်တွေအမျိုးမျိုး လိုအပ်မှာ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ သူတို့ရဲ့ ဦးဆောင်မှုက အရမ်းအရေးကြီးနေတဲ့အခြေအနေမှာ ရှိနေလို့ဖြစ်ပါတယ်။ ကျွန်မကတော့ နှစ်ပေါင်းများစွာ BGM ကို တက်ရောက်ခဲ့ဖူးပါတယ်။ နှစ်တိုင်းနှစ်တိုင်းလည်းပဲ ရင်ခုန်ရပါတယ်။ ဒီနှစ်ကတော့ အထူးသဖြင့် ကျွန်မတို့ကျေးဇူးတော်ကတော့ ဒီအင်္ဂလီကန်အသင်းတော်က အိမ်ရှင်အဖြစ် လက်ခံပြီးတော့ ကျင်းပရတဲ့အခါမှာ ရွေးကောက်ပွဲလည်းရှိတယ်၊ ပြီးတော့အသစ်တွေနဲ့ ဆက်သွားရမယ့် ဒီ MCC ကြီးကိုလည်းပဲ အထူးပဲဆုတောင်းပေးပါတယ်။ တကယ်ဘဲသာယာပြီးတော့ အေးချမ်းငြိမ်းချမ်းစွာနဲ့ပဲ ရှေ့ဆက်သွားနိုင်သွားနိုင်ဖို့ရန်အတွက် ဆုတောင်းမေတ္တာပို့သပါတယ်။ ကျေးဇူးတင်ပါတယ် ။

**ဆရာမ လားလ်ဒီးနီး** ၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော် (အင်္ဂလီကန်)



မင်္ဂလာပါ... ကျွန်မနာမည်ကတော့ ရှသ လို့ခေါ်ပါတယ်။ MBC ရဲ့ Leader–ship Department ရဲ့ တာဝန်ခံဖြစ်ပါတယ်။ ကျွန်မတို့ MCC ရဲ့ (၉၀) ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေးမှာ လာရောက်ရတဲ့အခါမှာ အလွန်ပဲ ရင်ခုန် စိတ်လှုပ်ရှားရပါတယ်။ မြန်မာပြည်မှာရှိတဲ့ ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှာ ဘုရားရဲ့ အမှုတော်မြတ်ကိုအစေခံနေတဲ့ ဆရာသမားတွေကို အတူတကွ မိတ်သဟာဖွဲ့ရတဲ့အတွက် အရမ်းကို ဝမ်းသာမိပါတယ်။ အထူးသဖြင့် ဘုရားရဲ့အမှုတော်မြတ်မှာ တစ်လုံးတစ်ဝတည်း ဖြစ်ရေးဆိုတဲ့ အရာအားဖြင့် ဘုရားရဲ့ နှုတ်ကပတ်တော်ကို ခံယူခြင်းအပေါ်မှာလည်း ဝမ်းသာတယ်။ အတူတကွ မြန်မာနိုင်ငံမှာ ဘုရားရဲ့ အမှုတော်မြတ်မှာ လက်တွဲ လုပ်ဆောင်ရတဲ့အတွက် ကြောင့်လဲ ဒီအဖွဲ့အစည်း (MCC) အားဖြင့် ကျေးဇူးတင်ပါတယ်။

**ဆရာမရှသ၊** MBC

ရှေးဦးစွာဘုရားရဲ့ကျေးဇူးတော်ကိုချီးမွမ်းပါတယ်။ Volunteer လုပ်ဖို့ ခေါ်ပေးတဲ့ ဆရာအပေါ်မှာရော၊ MCC အပေါ်မှာပါ အထူး ကျေးဇူးတင်ရှိပါတယ်။ လူငယ်တွေအတွက် Volunteer လုပ်ခြင်းဟာ များစွာသော အတွေ့အကြုံယူခြင်းဖြစ်ပါတယ် အထူး သဖြင့် ကျွန်တော်တို့ ခရစ်ယာန်လူငယ်တွေအနေနဲ့ MCC မှာ Volunteer ( Steward) လုပ်ရတာ များစွာဂုဏ်ယူမိပါတယ်။ Volunteer (Steward) ဆိုတာ လူတွေမြင်တဲ့နေရာမဟုတ်ဘူးဆိုပေမဲ့ ဘုရားရဲ့အမှုတော်ကို တိတ်ဆိတ်စွာ ထမ်းရွက်ရတဲ့နေရာဖြစ်ပါတယ်။ Volunteer (Steward) ဟာ အစီအစဉ်တစ်ခုလုံးရဲ့ အခြေခံကျတဲ့ နေရာဖြစ်ပါတယ်။ ဒီလိုနေရာကို တာဝန်ယူရတဲ့အတွက် အလွန်ပင် ဝမ်းသာမိပြီး၊ အစည်းအဝေးတက်ရောက်လာသောသူများကို အပြုံးဖြင့် နှုတ်ဆက် ညွှန်ပြရတာဟာ အလွန်နွေးထွေးခြင်းကိုခံစားရပါတယ်။ ပင်ပန်းတာတွေရှိပေမဲ့ Steward ဆိုတဲ့အဓိပ္ပါယ်က "ချစ်တဲ့စိတ်နဲ့အမှုတော်ဆောင်ခြင်း" ဖြစ်ပါတယ် ။



**Benjamin John** ( The Salvation Army)

ပထမဆုံးအနေနဲ့ ဒီ MCC 90th BGM မှာ steward အဖြစ် ဆက်ကပ်ခွင့်ရလို့ ဘုရားသခင်၏ နာမတော်ကို ချီးမွမ်းပါတယ်။ ပြီးတော့ဆက်ကပ်ခွင့်ပေးတဲ့ ဆရာရန်အောင်ကိုလည်း ကျေးဇူးတင်ပါတယ်။ steward လုပ်တာ ပထမဦးဆုံးဆိုတော့ ရင်ခုန် စိတ်လှုပ်ရှားတယ်။ သူငယ်ချင်းအသစ်သစ် တွေနဲ့လည်း တွေ့ခွင့်ရတယ်။ Steward လုပ်တဲ့အချိန်မှာ တာဝန်ကြီးတစ်ခုလို မခံစားရပဲ ပျော်ပျော်ရွှင်ရွှင်နဲ့ ဖြတ်သန်းတယ်။ အစကတော့ နည်းနည်းကြောက်တယ်။ ဒီကိုလာမယ့်သူတွေက ကိုယ်တွေနဲ့ generation gap အရမ်းဖြစ်တော့ အမှားတစ်ခုခုလုပ်မိပြီး အဆူခံရမှာ အရမ်းကြောက်ပေမဲ့ လူကြီးတွေက အရမ်းဖော်ရွေတယ်၊ ကြင်ကြင်နာနာ ဆက်ဆံတဲ့အခါ ဝန်တစ်ခုလို မမြင်မိတော့ပဲ အလုပ်လုပ်ရတာ ပျော်မွေ့လာတယ်။ ဒီလိုပဲ နောက်နောင် ပြုလုပ်တဲ့သင်တန်းတွေမှာလည်း အခွင့်ရရင် ထပ်ပြီးတော့ ပါဝင်ဆပ်ကပ်ချင်မိပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။



**Lashu Ja Seng Awn**

(Christ The King Cathedral Anglican, Myitkyina